# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ( ၁၃/ ၂၀၁၉ )

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၃/ ၂၀၁၉) အား ၂၀၁၉ ခုနှစ် ဩဂုတ်လ (၁၃) ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၂)ခု၊ အတည်ပြုလုပ်ငန်း (၉)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း(၂)ခုနှင့် အတည်ပြုလုပ်ငန်း(၁)ခု၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၈)ခု ခွင့်ပြုခဲ့ပါသည်။ ယခုအစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း (၁၁)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၇၄.၃၃၅) သန်း ကို ခွင့်ပြု/ အတည်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၅,၈၈၇)ဦး ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/ အတည် ပြုလုပ်ငန်း (၁၁)ခုမှာ စက်မှုကဏ္ဍမှ ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဩဂုတ်လ (၁၃) ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂၃၅)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂,၂၉၁.၄၄၂) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၃,၆၀၈.၇၈၆) သန်းဖြစ်ပါသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ ဩဂုတ်လ (၁၃) ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၂၃.၆၈၀) သန်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ ဩဂုတ်လ (၁၃) ရက်နေ့ အထိ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၃,၈၃၂.၄၆၆) သန်းဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၁)ခု၊ အတည်ပြုလုပ်ငန်း (၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်း များအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း(၁)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း(၁)ခု၊ ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြု

Email: dica@mptmail.net.mm
Website: www.dica.gov.mm

လုပ်ငန်း (၃)ခု ခွင့်ပြုပေးခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၄.၆၆၄)သန်း အပါအဝင် ကျပ် (၂၈,၁၀၂.၀၀၅)သန်း ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၄၁၀)ဦး ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/ အတည် ပြုလုပ်ငန်း (၅)ခုမှာ စက်မှုကဏ္ဍမှ (၂)ခု၊ ဟိုတယ်ကဏ္ဍမှ (၁)ခုနှင့် အခြားကဏ္ဍမှ (၂)ခု ဖြစ်ပါသည်။

၂၀၁၈–၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁)ရက်နေ့မှ ဩဂုတ်လ (၁၃)ရက်နေ့အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၄၄)ခု၊ အမေရိကန်ဒေါ်လာ (၃၃၄.၄၄၈)သန်း အပါအဝင် ကျပ် (၁,၀၇၂,၀၂၁.၆၃၁) သန်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၄၀၀.၅၈၆) သန်း အပါအဝင် ကျပ် (၁,၂၉၀,၄၆၈.၄၄၀) သန်း ဖြစ်ပါသည်။